# သမတအိမ်တော်၊ ရန်ကုန်မြို့
# ၁၉၅၉ ခုနှစ်၊ မြင်းရထားအက်ဥပဒေ။
# [၁၉၅၉ ခုနှစ်၊ ရှမ်းပြည်နယ်အက်ဥပဒေအမှတ် ၂။]
# ၁၃၂၁ခုနှစ်၊ တန်းခူးလဆန်း ၁၅ ရက်။
# (၁၉၅၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်။)

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ် ပြပါအက်ဥပဒေကို ထုတ်ပြန်ကျေညာ သည်။
အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ **၁၉၅၉ ခုနှစ်၊ မြင်းရထားအက်ဥပဒေ**ဟုခေါ်ရမည်။

(၂) မြူနီစီပါယ် ဥပဒေအရပေးအပ်ထားသည့် အာဏာများနှင့် အဆိုပါအာဏာအရ ပြဋ္ဌာန်းထားသော နည်းဥပဒေများသည်၊ ဤအက်ဥပဒေတွင်ဖေါ် ပြထားသော ပြဋ္ဌာန်းချက်များကို အကြောင်းပြု၍၊ ပျက်ပြယ်ခြင်းမရှိစေရ။

## အဓိပ္ပါယ်ဖေါ် ပြချက်။

၂။ ။ ဤအက်ဥပဒေတွင် "မြင်းရထား"ဆိုသည်မှာ၊ လူစီးအငှါးလိုက်ရန် ဘီးတပ်ထားသည့် မြင်း၊ မြည်း၊ လား အစရှိသည့် တိရစ္ဆာန်ဆွဲသည့် ယာဉ်ရထားကိုဆိုလိုသည်။

"**ကော်မီတီ**"ဆိုသည်မှာ၊ မြူနီစီပါယ်အက်ဥပဒေအရ၊ မြူနီစီပါယ်ဒေသအတွက်ဖြစ်စေ၊ သတ်မှတ်ထားသောဒေသ(Notified Area) အတွက်ဖြစ်စေတည်ထောင်ထားသည့် ကော်မီတီကို ဆိုလိုသည်။

"**သတ်မှတ်ထားသောဒေသ**" ဆိုသည်မှာ၊ မြူနီစီပါယ်အက်ဥပဒေအရသတ်မှတ်ထားသော(Notified Area) ကိုဆိုလိုသည်။

"**စစ်မြေဒေသ**"ဆိုသည်မှာ၊ စစ်မြေဒေသ အက်ဥပဒေ( Cantonment Act) အရသတ်မှတ်ထားသော ဒေသကိုဆိုလိုသည်။

၃။ ။ (၁) ရှမ်းပြည်နယ်ရှိမည်သည့်မြူနီစီပါယ်ဒေသ၊ သို့မဟုတ် သတ်မှတ်ထားသောဒေသ၊ သို့မဟုတ် စစ်မြေဒေသ (Cantonment Act) အတွက်၊ ဤအက်ဥပဒေအာဏာသက်ရောက်စေခြင်းငှါ၊ ရှမ်းပြည် နယ်ဥက္ကဋ္ဌက ကျေညာချက်ထုတ်ခြင်းအားဖြင့် အာဏာသက်ရောက်စေနိုင်သည်။

(၂) ဤအက်ဥပဒေအာဏာသက်ရောက်သည့် မြူနီစီပါယ်ဒေသ၊ သို့မဟုတ် သတ်မှတ်ထားသောဒေသ တွင်၊ ကော်မီတီသည်၊ အခါကာလအားလျော်စွာ မြင်းရထားသွားလာငှါးရမ်းခြင်းကို ကြီးကြပ် အုပ်ချုပ်ရန် ၎င်းကော်မီတီသည်၊ အခြားကိစ္စများအတွက် စည်းမျဉ်းများ (bye-law) များပြုလုပ်ရာတွင် သုံးစွဲသည့်နည်း လမ်းနှင့် စည်းမျဉ်းများကို ပြုလုပ်နိုင်သည်။

(၃) ဤပုဒ်မအရရေးဆွဲထားသည့် စည်းမျဉ်းဥပဒေများကို တိုင်းမင်းကြီး၏သဘောတူညီချက်ရရှိပြီး သည့်အခါ၊ အခါအားလျော်စွာ လူအများသိစေရန် တိုင်းမင်းကြီး၏ညွှန်ကြားချက်အရကျေညာပေးရ မည်။ သို့သော်

အဆိုပါတိုင်းမင်းကြီးသည်၊ ဤကဲ့သို့ပြုလုပ်ထားသည့် နည်းဥပဒေကို ပယ်ဖျက်ခြင်း၊ ပြင် ဆင်ခြင်းများ ပြုလုပ်နိုင်သည်။

၄။ ။ ရှမ်းပြည်နယ်အတွင်းရှိ မည်သည့်စစ်မြေဒေသတွင်မဆို၊ မြင်းရထားများကို စီမံအုပ်ချုပ်ရန်၊ ရှမ်းပြည်နယ်ဥက္ကဋ္ဌက၊ နည်းဥပဒေများပြုလုပ်နိုင်သည်။

၅။ ။ ဤအက်ဥပဒေအရ နည်းဥပဒေများလုပ်နိုင်သည့် အာဏာပိုင်သည်၊ ဤအက်ဥပဒေ၏နည်းဥပဒေ များကို၊ မီးရထားဘူတာရုံကိုဖြစ်စေ၊ မြူနီစီပါယ်ဒေသ၊ သို့မဟုတ် သတ်မှတ်ထားသောဒေသနှင့် ၆မိုင်အ တွင်းရှိ လမ်းများပေါ်တွင်သွားလာသည့် မြင်းရထားများကို စီမံအုပ်ချုပ်ရန် အာဏာပြန့်နှံ့စေနိုင်သည်။

သို့သော် မြူနီစီပါယ်ဒေသ၊ သို့မဟုတ် သတ်မှတ်ထားသော ဒေသနှင့်ဆက်စပ်ဒေသများသို့ အာဏာသက် ရောက်ရန် အမိန့်ထုတ်သည့်အခါ၊ တိုင်းမင်းကြီး၏ သဘောတူညီချက်ကို ရရှိပြီးဖြစ်ရမည့်ပြင်၊ စစ်မြေဒေသ သို့အာဏာသက်ရောက်စေရန်၊ ပြည်နယ်ဥက္ကဋ္ဌကသတ်မှတ်ပေးရမည်။

ဤအက်ဥပဒေအရ၊ မြူနီစီပါယ်ဒေသ၊ သို့မဟုတ် သတ်မှတ်ထားသောဒေသတခုခုအတွက်၊ နည်းဥပဒေ ပြုလုပ်ပြီးဖြစ်လျှင်၊ ၎င်းမြူနီစီပါယ်ဒေသ၊ သို့မဟုတ် သတ်မှတ်ထားသည့် နယ်နိမိတ်နှင့် ၆မိုင်အတွင်းရှိသော စစ်မြေဒေသအတွင်း အဆိုပါနည်းဥပဒေများအာဏာသက်ရောက်စေရန် ပြည်နယ် ဥက္ကဋ္ဌကအမိန့်ထုတ် ပြန်နိုင်သည်။

၆။ ။ ဤအက်ဥပဒေအရပြုလုပ်သည့် နည်းဥပဒေများတွင် အောက်ပါကိစ္စများအတွက်၊ စည်းမျဉ်းသတ် မှတ်ချက်ပြုလုပ်နိုင်သည်။

(က) မြင်းရထားများ၊ သို့မဟုတ် အမျိုးအစားအားဖြင့် အထူးသတ်မှတ်ထားသည့် မြင်းရထားများအား၊ လူငှါးတင်ဆောင်ရန် လိုင်စင်များထုတ်ပေးရေးကိစ္စ။

(ခ) မြင်းရထားကိုမောင်းနှင်ရန် မောင်းသူအားလိုင်စင်ထုတ်ပေးရေးကိစ္စ။

(ဂ) အထက်ပါ အပိုဒ်(က) (ခ) အရထုတ်ပေးသော လိုင်စင်များအတွက် လိုအပ်သည့်အချက်အလက် များနှင့် အခကြေးငွေများသတ်မှတ်ရေး ကိစ္စ။

(ဃ) ရထားဆွဲမည့်မြင်းအစရှိသည့် တိရစ္ဆာန်များ၏ ဒေါက်အရပ်၊ ကျန်းမာခြင်းနှင့်သက်ဆိုင်သည့်ကိစ္စ၊ တပ်ဆင်ရမည့် တန်ဆာပလာနှင့် ညတွင်တပ်ဆင်ရမည့်မီးအိမ်အစရှိသည်တို့နှင့် စပ်လျဉ်းသည့်ကိစ္စ။

(င) ရထားဆွဲသည့်တိရစ္ဆာန်၊ ရထား၊ တပ်ဆင်သည့်တန်ဆာပလာများ အစရှိသည့်ပစ္စည်းများထားသို သည့်နေရာများကို ကြည့်ရှုစစ်ဆေးရေးကိစ္စ။

(စ) ရထား၊ ရထားမောင်းသူများအားထုပ်ပေးသည့် လိုင်စင်ကာလအပိုင်းအခြားနှင့် လိုက်နာရမည့် အချက်အလက်များသတ်မှတ်ခြင်းကိစ္စ။

(ဆ) ရထားများတွင် ထာဝစဉ်တပ်ထားရမည့် နံပါတ်အစီအစဉ်။

(ဇ) မြင်းရထားငှါးရမ်းလိုသောသူအား မည်သည့်အချိန်အတွင်းမည်သည့်အကြောင်းများရှိက ငှါးရမည်၊ သို့တည်းမဟုတ် ငှါးရန်ငြင်းပယ်နိုင်သည် အစရှိသည်တို့သတ်မှတ်ခြင်းကိစ္စ။

(ဈ) မြင်းရထားများရပ်တန့်ထားရမည့် နေရာများနှင့် လူစီးများစောင့်ဆိုင်းရန်၊ တင်ချရန်နေရာများ သတ်မှတ်ခြင်းကိစ္စ။

(ည) မြင်းရထားအငှါးခရီးအကွာအဝေးနှင့် တိုင်းထွာ၍သော်၎င်း၊ အချိန်နှင့်တိုင်းထွာ၍သော်၎င်း တောင်းဆိုရမည့်မြင်းရထားအခနှုန်းကို သတ်မှတ်ခြင်းကိစ္စနှင့် အငှါးလိုက်သည့်အခါ၊ မည်မျှလျင်မြန်စွာ မောင်းရန်သတ်မှတ်ခြင်းကိစ္စ။

(ဋ) မြင်းရထားတွင်တင်ဆောင်နိုင်သော လူစီးအရေအတွက်နှင့် ကုန်အလေးချိန်ကို သတ်မှတ်ခြင်းကိစ္စ။

(ဌ) မြင်းရထားတွင်ထာဝစဉ်တပ်ဆင်ထားရန် အခနှုန်းစာရင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ခြင်း ကိစ္စ။

(ဍ) မြင်းရထားမောင်းသူများကိုယ်တွင်တပ်ဆင်ရန် တံဆိပ်အမှတ်အသားနှင့် ၎င်းတံဆိပ်အမှတ်အသား များကို သူတပါးသို့ ငှါးခြင်းမှ တားမြစ်ခြင်းကိစ္စ။

(ဎ) မြင်းရထားများပေါ်တွင် မေ့ကျန်ရစ်ခဲ့သော ပစ္စည်းများအပ်နှင်းရန်ဌာနနှင့် ဥစ္စာရှင်ပေါ်ပေါက်၍ ပြန်ပေးသည့်အခါ၊ ပေးဆောင်ရန်အခကြေးငွေနှင့် စပ်လျဉ်းသည့်ကိစ္စ။

၇။ ။ ဤအက်ဥပဒေအရပြုလုပ်ထားသော နည်းဥပဒေတခုခုကို ချိုးဖေါက်သောသူအား၊ ဒဏ်ငွေ ၁၀၀ ကျပ်အထိအပြစ်ဒဏ်ကျခံစေရမည်။

၈။ ။ ဤအက်ဥပဒေနှင့် နည်းဥပဒေများအရကောက်ခံရရှိသော ငွေများနှင့် ကုန်ကျသောစရိတ်များသည်၊ မြူနီစီပါယ်နယ်နိမိတ် အတွင်းဖြစ်လျှင် မြူနီစီပါယ်ဘဏ္ဍာတော်နှင့် သက်ဆိုင်ရမည်။ သတ်မှတ်သော ဒေသနယ်နိမိတ်အတွင်းဖြစ်လျှင်၎င်းသတ်မှတ်ထားသောဒေသ၏ ဘဏ္ဍာတော်နှင့်သက်ဆိုင်ရမည့်ပြင်၊ စစ်မြေအတွင်းဖြစ်လျှင်၊ စစ်မြေ၏ရုံပုံငွေရှိက၊ ၎င်းရုံပုံငွေနှင့် သက်ဆိုင်ရမည်။

၉။ ။ (၁) ဤအက်ဥပဒေအရ ပြုလုပ်ထားသော နည်းဥပဒေများတွင် မြင်းရထားငှါးခနှင့်စပ်လျဉ်း၍ အငြင်းအခုံဖြစ်ခဲ့သော် မြင်းရထားပိုင်ရှင်၊ သို့မဟုတ် မောင်းသူကဖြစ်စေ၊ ငှါးရမ်းစီးသူကဖြစ်စေ အငြင်း ဖြစ်ပွါးသည့် ဒေသတွင်အာဏာသက်ရောက်သည့် ရာဇဝတ်တရားသူကြီး၊ သို့မဟုတ် ရာဇဝတ်တရားခုံရုံး သို့ ဆုံးဖြတ်ရန်လျှောက်ထားနိုင်သည်။ ၎င်းတရားသူကြီး၊ သို့မဟုတ် တရားခုံရုံးက ဆုံးဖြတ်ချက်သည် အပြီးအပိုင်ဖြစ်ရမည်။

(၂) ဤအက်ဥပဒေအရ ပေးဆောင်ရန်ရှိသောငွေကို ရာဇဝတ်ကျင့်ထုံးအရ ပေးဆောင်ရန်ရှိသည့်ဒဏ် ငွေကို အစိုးရကကောက်ယူသည့်နည်းနှင့် ကောက်ယူနိုင်သည်။

၁၀။ ။ (၁) အထက်ပါပုဒ်မတွင် ပါရှိသည့်အတိုင်း မြင်းရထားငှါးခနှင့် စပ်လျဉ်း၍အငြင်းဖြစ်ပွါးချိန်က လတွင် ၎င်းဒေသတွင်အာဏာပိုင်သည့် ရာဇဝတ်တရားရုံးထိုင်ဆဲအချိန်ဖြစ်လျှင် ၎င်းတရားရုံးသို့ ခေါ်ဆောင်သွားရန် ငှါးရမ်းစီးသူက မြင်းရထားမောင်းသူအားတောင်းဆိုနိုင်သည်။

(၂) အထက်ပါအပိုဒ်ခွဲအရ တောင်းဆိုသည်ကို လိုက်နာရန်ငြင်းပယ်ခဲ့လျှင် ဤကဲ့သို့ငြင်းပယ်သော မြင်းရထားမောင်းသူပေါ်တွင် ထောင်ဒဏ်တလအထိဖြစ်စေ၊ ငွေဒဏ်၁၀၀ ကျပ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ် စလုံးဖြစ်စေ ကျခံစေရမည်။

၁၁။ ။ (၁) ရှမ်းပြည်နယ်လက်စွဲစာအုပ် စာမျက်နှာ ၁၉ရှိဇယားတွင် အောက်၌ဖေါ်ပြထားသော စကား ရပ်များကို ပယ်ဖျက်ရမည်။

" The Hackney Carriage Act, 1879" in column (1) and

" The Notified Area of Lashio" in column (2).

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊

နိုင်ငံတော်သမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့ ၁၃၂၁ ခုနှစ်၊ တန်းခူးလဆန်း ၁၅ ရက်။

(၁၉၅၉ ခုနှစ်၊ ဧပြီလ ၂၂ ရက်။)

အမိန့်အရ၊

ပါစိန်၊

နိုင်ငံတော်သမတ၏အတွင်းဝန်။

[အမှတ် ၃၉]